ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

**ဒုတိယဦးစီးမှူးရာထူး(၂၀)နေရာနှင့် အငယ်တန်းစာရေးရာထူး(၅)နေရာတို့အတွက်**

**ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)(၂၀)နေရာနှင့် အငယ်တန်းစာရေးရာထူး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)(၅)နေရာတို့အတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ပူးတွဲအမည်စာရင်းပါသူများသည် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်-

| စာမေးပွဲကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် | စာဖြေဌာန |
|---|---|---|---|
| **ဒုတိယဦးစီးမှူးရာထူး**<br>၁၁-၁၂-၂၀၂၁ | ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီ အထိ<br><br>၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ | **မေးခွန်းလွှာ(၁)**<br>(၁)မြန်မာစာ<br>(၂)အထွေထွေဗဟုသုတ<br>**မေးခွန်းလွှာ(၂)**<br>အင်္ဂလိပ်စာ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| **အငယ်တန်းစာရေးရာထူး**<br>၁၂-၁၂-၂၀၂၁ | ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီ အထိ<br><br>၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီ အထိ | **မေးခွန်းလွှာ(၁)**<br>(၁)မြန်မာစာ<br>(၂)အထွေထွေဗဟုသုတ<br>**မေးခွန်းလွှာ(၂)**<br>အင်္ဂလိပ်စာ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |

၂။ ပူးတွဲအမည်စာရင်းပါသူများသည် ဖြေဆိုခွင့်ကတ်ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ၉-၁၂-၂၀၂၁ ရက်နေ့နှင့် ၁၀-၁၂-၂၀၂၁ ရက်နေ့များတွင် ရုံးချိန်အတွင်း လိုအပ်သောအထောက်အထားများနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် ဖြေဆိုခွင့်ကတ်ပြားများ ယူဆောင်လာရန် ပျက်ကွက်ပါက ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန်ခွင့်ပြုမည် မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲဖြေဆိုသူများသည် စာစစ်ဌာနဖြစ်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အမှတ် (၂၆-၄၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့သို့ ဖြေဆိုရမည့် နေ့ရက်များတွင် နံနက်(၉:၁၅)နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။